Legal Aid Network
ဥပဒေ အထောက်အကူပြုကွန်ရက်
Email:- legalaidnetwork@gmail.com website:- legalaidnetwork.org

# ငြိမ်းချမ်းရေး ထုတ်ပြန်ချက် (၄)

## တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး စာချုပ် (NCA) ကို တရားဝင်ဖျက်သိမ်းရန်၊ နှင့် ပင်လုံစာချုပ်ကို တရားဝင် အသိအမှတ်ပြုရန် တောင်းဆိုခြင်း။

၁။ (NCA) အပိုဒ် ၂၀ (က) အရ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် ယင်းစာချုပ်ကို လက်မှတ်ရေးထိုးပြီးမှသာလျှင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်ခွင့် ရှိစေရမည် ဖြစ်သည်။ သို့ဖြစ်၍ ညီလာခံမတက်ခင် ကို NCA ကို လက်မှတ်ရေးထိုးခြင်းမှာ လုပ်ကို လုပ်ဆောင်ရမည့် အပိုင်းဖြစ်သည်။ NCA ကို လက်မှတ်မထိုးသေးသည့် တိုင်းဂုင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများအား ့ အထူးဖိတ်ကြားသူအနေဖြင့် ညီလာခံသို့ တက်ရောက်ခွင့်ပြုနိုင်ကြောင်း စာချုပ်တွင် မည်သည့် ခြွင်းချက် ပြဌာန်းချက်မျှ မပါရှိ။

၂။ ဝသပ ဦးဆောင်လျှက်ရှိသော (NCA လက်မှတ်မထိုးသည့်) တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့ (၇) ဖွဲ့အား အစိုးရနှင့် မြန်မာစစ်ခေါင်းဆောင်များက ဖိတ်ကြားခြင်းဖြင့် NCA ကို အတိအကျ ဖောက်ဖျက်လိုက်ပြီ ဖြစ်သည်။ သို့ဖြစ်၍ ဖိတ်ကြားသူများအနေဖြင့် NCA ကို နည်းလမ်းတကျနှင့် တရားဝင် ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း၊ ကြိုတင်ချုပ်ဆိုထားသော မည်သည့် စာချုပ်၏ စည်းနှောင်မှုမျှ မရှိဘဲ ငြိမ်းချမ်းရေးရှာဖွေမှု ဖြစ်စဉ်ကို ဖော်ဆောင် သွားမည်ဖြစ်ကြောင်း ကြေငြာရန်တာဝန်ရှိသည်။ သို့မဟုတ်ပါက ၄င်းတို့နည်းလမ်းတကျ အတည်ပြုထားသော စာချုပ်အား စိုးစဉ်းမျှ ဂရုမထားဘဲ ၄င်းတို့အလိုရှိသည့် အချိန်တွင် ဆက်လက်ချိုးဖောက်ဦးမည့် သဘော သက်ရောက်နေသောကြောင့် ဥပဒေစိုးမိုးရေးကို ပစ်ပယ်ရာရောက်သည်။

၃။ တအမ်းလွတ်မြောက်ရေးတပ်မတော်၊ ရခိုင့်တပ်မတော် နှင့် ကိုးကန့်အဖွဲ့တို့နှင့် စပ်လျှဉ်း၍ ကာချုပ် မင်းအောင်လှိုင်က မတူသည့် မူဝါဒကို ချမှတ်ထားခဲ့သည်။ ယင်းမှာ ၄င်းတို့သုံးဖွဲ့အနေဖြင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကြောင်း ကြေငြာကာ NCA ကို လက်မှတ်ထိုးပြီးမှသာ ငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်စေဂုန်ဖြစ်သည်။ ယခုမူ အဆိုပါအချက်များကို လိုက်နာရန် မလိုအပ်တော့ဘဲ ၄င်းတို့သုံးဖွဲ့အား ငြိမ်းချမ်းရေးညီလာခံ တက်ရောက်ရန် ဖိတ်ကြားခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်၍ မြန်မာစစ်ခေါင်းဆောင်များအနေဖြင့် ၄င်းတို့၏ မူလ မူဝါဒကို စွန့်လွှတ်လိုက်ပြီ ဖြစ်ကြောင်း၊ ယူအင်န်အက်ဖ်စီ အဖွဲ့ဝင်အဖွဲ့အစည်းများအပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းမှန်သမျှ အား ခွဲခြားခြင်းမရှိဘဲ နိုင်ငံရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖိတ်ကြားလိုက်ပြီဖြစ်ကြောင်းကို နည်းလမ်းတကျတရားဝင် ထုတ်ပြန်ရန် တာဝန်ရှိသည်။

၄။ မည်သည့် အနေအထားဖြင့် ဖြစ်စေ ဖိတ်ကြားခံရသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများအား ခွဲခြားခြင်းမရှိစေရဘဲ နိုင်ငံရေးအရ ဆွေးနွေးခွင့်ပြုရပါမည်။ ထိုင်စောင့်ကြည့်ရုံသာ ကြည့်ခွင့်ပြုခြင်းမျိုး မဖြစ်စေသင့်ပါ။ ယင်းသို့ ပြုပါက ၎င်းတို့ ကို ဖိတ်ကြားခြင်းမှာ ၂၁ ရာစုပင်လုံညီလာခံတရားဝင်မှုရစေရန် မရိုးမဖြောင့်စွာ အသုံးချခြင်း အဖြစ်သို့ သာ သက်ရောက်သွားပါမည်။ ယင်းသို့ ပြုခြင်းဖြင့် စစ်မှန်သည့် ငြိမ်းချမ်းရေးကို ရနိုင်ဘွယ်မရှိပါ။

၅။ ၂၁ ရာစုပင်လုံညီလာခံအဖြစ် လူသိများလျှက်ရှိသော ဤငြိမ်းချမ်းရေးညီလာခံကို ဆက်လက်ဖော်ဆောင်ရာတွင် အင်န်အယ်ဒီ အစိုးရနှင့် မြန်မာစစ်ခေါင်းဆောင်များအနေဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ တွင်ချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်အား အရေးအကြီးဆုံးသော ပြည်ထောင်စုတည်ဆောက်မှု သဘောတူညီချက်အဖြစ် နည်းလမ်းတကျ တရားဝင် အသိအမှတ်ပြုရပါမည်။ အထူးသဖြင့် အောက်ပါ သဘောတူညီချက်နှစ်ရပ်အား လက်တွေ့ ဖော်ဆောင်နိုင်ရန် ချမှတ်ဆောင်ရွက်မှသာလျှင် ဤညီလာခံသည် တရားဝင်နိုင်ပါမည်။

(၁) နယ်စပ်ဒေသများ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရာခိုင်နှုန်း အပြည့်ရှိ စေရမည်။[1]

(၂) နယ်စပ်ဒေသများ၏ နယ်သူနယ်သားတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ် အသိအမှတ်ပြုထားပြီးသော အခွင့်အရေးများတို့ကို ခံစားပိုင်ခွင့် ရှိစေရမည်။[2]

**Legal Aid Network (LAN)**
**ဥပဒေအထောက်အကူပြုကွန်ရက်**

နေ့စွဲ၊ ၂၀၁၇ ခုနှစ် မေလ (၂၄) ရက်

အသေးစိပ်သိလိုလျှင် ဆက်သွယ်ရန်
ဦးအောင်ထူး (လူ့ အခွင့်အရေးရှေ့ နေ)
ဥပဒေအထောက်အကူပြုကွန်ရက်တည်ထောင်သူ
ဖုံး (၆၆) (၀) ၉ ၃၂၇ ၄၅ ၇၁၃
E.mail: legalaidnetwork@gmail.com
Website:legalaidnetwork.org

[1] ပင်လုံစာချုပ် အပိုဒ် (၅)
[2] ပင်လုံစာချုပ် အပိုဒ် (၇)